# ကျွန်းတောကျေးရွာ

# ကျိုက်ထိုမြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၆ – ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ကျွန်းတောကျေးရွာ၊ ကျိုက်ထိုမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ

## မာတိကာ


မာတိကာ ၁

စကားချီး ၅

ကျွန်းတောကျေးရွာသယံဇာတပြမြေပုံ၊ ကျိုက်ထိုမြို့နယ် ၇

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ်** **၈**

(၁) နိဒါန်း– ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျား–မ ရေးရာကိစ္စဆိုင်ရာ

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၃

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၇

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၉

(၇) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့် ကိစ္စများ ၂၀

(၈) ဦးစားပေးစီမံချက်များနှင့်၎င်း အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ ၂၂

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေး စီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၇

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၉

(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၀

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၃၀**

(၁) လူမှုစီးပွားရေး အခြေအနေ

**ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား ၂ လုပ်သား အင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

**ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

**ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

**ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

**ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ**

**ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ**

**ဇယား ၈ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

**ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

**ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု**

(၂) ကဏ္ဍအသီးသီး၏**လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**

**ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား ၁၃ ကျေးရွာ၏**စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

**ဇယား ၁၄** ကျေးရွာ၏ ရေရင်းမြစ်နှင့် **ရေသွင်းဧရိယာ**

**ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း**

**ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု**

**ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ**

**ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**

**ဇယား** ၁၉ **မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ**

ဇယား ၂၀ **မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ**

ဇယား ၂၁ **မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ**

ဇယား ၂၂ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား ၂၃ **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ **ပြဿနာနှင့်အခက်အခဲ**များ

ဇယား ၂၄ **ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ**

ဇယား ၂၅ **ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း**

**ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ**

**ဇယား** ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

**ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ**

**ဇယား** ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း

**ဇယား** ၃၁ ကျောင်းတက်နှုန်း

ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား ၃၃ **ပညာရေး** အခက်အခဲနှင့် ပြဿနာများ

ဇယား ၃၄ **အဖြစ်များသော** ရောဂါများ

ဇယား ၃၅ လွန်ခဲ့သော ၁၂ လ အတွင်း ကာကွယ်ဆေး ထိုးနှံမှု

ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား ၃၇ သောက်သုံးရေ ရရှိနိုင်မှု

ဇယား ၃၈ အိမ်သာ အမျိုးအစား

ဇယား ၃၉ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရ**ေကြောင်း** သယ်ယူပို့ဆောင်ရေး

ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား **၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ**
ဇယား **၄၅ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ**
**ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ**
**ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု**
**ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ**

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၆၇
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)** ၇၀

**ကိုးကားစာရင်း** ၇၅

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၆/၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၀၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူး တင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုး ပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီး ဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင် အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း


ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်း ပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာ ရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

ဒီဇင်ဘာ၊ ၂၀၁၆

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ကျွန်းတောကျေးရွာ
ကျိုက်ထိုမြို့နယ်

## ကျွန်းတော       ကျေးရွာသယံဇာတပြမြေပုံ၊ ကျိုက်ထိုမြို့နယ်



# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

## ၁ နိဒါန်း

### (က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့ အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ် ဖြစ် ကြောင်း သိရှိရပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅) နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

**နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု**

ကျွန်ုပ်တို့၏ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရ မဟုတ်သောအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှုပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းများကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

## (ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့

ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ် ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

**(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ**

**(က) တည်နေရာ၊ ရာသီဥတု နှင့် မြေမျက်နှာသွင်ပြင် အနေအထား။ ။ ကျွန်းတောကျေးရွာသည် ရန်ကုန်–မော်လမြိုင် အဝေးပြေးကားလမ်းပေါ်တွင် တည်ရှိပြီး ကျိုက်ထိုမြို့နှင့်(၄)မိုင်သာဝေးကာ ဆက်သွယ်သွားလာရ လွယ်ကူပါသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင် တည်ရှိပြီး အဓိကအသက်မွေးဝမ်းကျောင်း လုပ်ငန်းမှာ စိုက်ပျိုးရေးဖြစ်ပြီး မွေးမြူရေးကိုလည်း အနည်းငယ်လုပ်ကိုင်ကြပါသည်။ ကျေးရွာတည်ရှိရာသည် ကုန်းတွင်းပိုင်းတွင် တည်ရှိပြီး ဆားငန်ရေဝင်ရောက်မှုမှ ကင်းလွတ်ကာ ကျေးရွာအနီးတွင် တောတောင်ငယ်များ ရှိသော်လည်း မြစ်ချောင်းကြီးများ မရှိဘဲ မြေပြင်အနေအထားမှာ မြေပြန့်ဖြစ်သည်။ စိုက်ပျိုးမြေများသည် နှစ်ရှည်ပင်များကိုသာ အဓိကထားစိုက်ပျိုးပြီး ဝါး၊ ကွမ်း၊ တောင်ထန်း၊ ရောဘာများသည် ကျေးရွာသား၏ အသက်မွေးဝမ်းကျောင်းအတွက် အဓိကအားထားရာများ ဖြစ်ပါသည်။ ကျေးရွာတည်ရှိမှုသည် ပင်လယ်ရေမျက်နှာပြင်ထက် အမြင့်ပေ နေရာမှာရှိပြီး ကြီးမားသော တောင်ကျချောင်း မြစ်ချောင်းများနှင့် ဝေးသောကြောင့် ကျေးရွာသမိုင်းကြောင်းတစ်လျှောက် သဘာဝ ဘေးအန္တရာယ်များနှင့် ကင်းဝေးကာ ၂၀၀၈ခုနှစ် နာဂစ်မုန်တိုင်းအဖျားခတ်ခံရသည်မှ လွဲ၍ ကြီးကြီးမားမား သဘာဝဘေးအန္တရာယ် ထိခိုက်မှု မရှိခဲ့ပေ။**

**(ဂ) သဘာဝအရင်းအမြစ်များ ။ ။ ကျေးရွာတွင် စိုက်ပျိုးမြေဧက (၄၀၀)ဝန်းကျင်ခန့်ရှိပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီအသင့်အတင့် ကောင်းမွန်ပါသည်။ မြေပြန့်ဒေသဖြစ်ပြီး နှစ်ရှည် ဥယာဉ်ခြံမြေများ (ကြက်မောက်၊ မင်းဂွတ်၊ ကျွဲကော)စိုက်ပျိုးနိုင်သော်လည်း စိုက်ပျိုးရေး လုံလောက် စွာ မရရှိနိုင်သဖြင့် စိုက်ပျိုးရေလုံလောက်စွာ ရရှိပါက စိုက်ပျိုးနိုင်ပါသည်။ မြေအောက်ရေ အသုံးပြု ၍ ရရှိနိုင်သော်လည်း စက်ရေတွင်းတူးမှသာ အသုံးပြုနိုင်မည် ဖြစ်ပါသည်။ စပါးစိုက်ပျိုး နိုင်သော လယ်မြေဧက အနည်းငယ်သာရှိပြီး အခြားသဘာဝအရင်းအမြစ်များအဖြစ် ဂဝံကျောက်များကို အနည်းငယ် တူးဖော်ရရှိနိုင်ပါသည်။**

**(၃) လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ**

**(က) လူဦးရေဆိုင်ရာအချက်လက်များ။ ။ ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၂၉၂) အိမ်ထောင်စုရှိပြီး စုပေါင်းလူဦးရေ ကျား(၇၀၅)ဦး၊ မ(၆၆၂)ဦး စုပေါင်း(၁၃၆၇)ဦး ရှိပါသည်။**

**တစ်အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ(၅)ဦးခန့် ရှိပါသည်။ ကျေးရွာသားများသည် ကရင်လူမျိုးများ အများစုဖြစ်ကြပြီး အလုပ်လုပ်နိုင်သောအရွယ်သည် ကျေးရွာလူဦးပေါင်း၏ (၆၀%)ခန့်ရှိပါသည်။ ကျောင်းနေအရွယ် မှီခိုဦးရေထက် အလုပ်လုပ်နိုင်သော ဦးရေသည်(၂၀%)သာ ပိုများပြီး မိသားစု စီးပွားရေးတိုးတက်အောင် ဆောင်ရွက်နိုင်ရန် စွမ်းဆောင်ချေ နည်းပါးကြပါသည်။ အလုပ်လုပ် နိုင်သောအရွယ် အမျိုးသားဦးရေသည် အမျိုးသမီးဦးရေထက် အနည်းငယ်မျှသာ ပိုပါသည်။**

**(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု။ ။ ကျေးရွာ၏ အဓိကဝင်ငွေရ လုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် လျော့နည်း သည်။ ဆင်းရဲချမ်းသာ ဥစ္စာဓနအဆင့် သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ ၇၁%သည် ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုများ ဖြစ်ကြပြီး ၇%သည် အဆင်ပြေသော ချမ်းသာသည့် အဆင့်၊ ၂၁%သည် အလယ်အလတ်အဆင့် ရှိကြသည်ဟု သတ်မှတ်ကြသည်။ ကျေးရွာတွင် ဥယျာဉ်ခြံမြေ ပိုင်ဆိုင်မှု၊ လက်လှမ်းမီမှု ၊ လုပ်ငန်းသုံးစက်ကိရိယာများ ပိုင်ဆိုင်မှု မှာ အဆင်ပြေ သော အိမ်ထောင်စုများသာ အများစု လက်လှမ်းမီသောကြောင့် ကျေးရွာစီးပွားရေးအနေအထားမှာ ညီမျှမှု မရှိပေ။ အဆင်ပြေသော အိမ်ထောင်စုများသည် နှစ်ရှည်ဥယျာဉ်ခြံများဖြစ်သော ရာဘာ၊ ဝါး၊ တောင်ထန်းများ၏ ဈေးကွက်၊ ဈေးနှုန်း အခြေအနေကို မှီခိုနေရသည့်အပြင် ကွမ်းခြံလုပ်ငန်း ကိုလည်း အများဆုံး အဓိက စီးပွားရေးတစ်ခုအဖြစ် မှီခိုနေကြရပါသည်။ ထိုအဆင်ပြေသော မိသားစု ကို မှီခိုနေကြသော ဆင်းရဲ၊ အလွန်ဆင်းရဲ မိသားစုများသည် (က၊ခ) မိသားစုများ၏ လုပ်ငန်း အဆင်ပြေမှုအပေါ် မူတည်၍ ဝင်ငွေနည်းများ ကွာဟချက် ရှိကြပါသည်။ အချို့သော နှစ်ရှည် ဥယျာဉ်ခြံမြေစိုက်ပျိုးရေးလုပ်ကိုင်သော အိမ်ထောင်စုများသည် လက်သမား၊ ပန်းရံ၊ ကွန်ကရစ် လုပ်ငန်း၊ အရောင်းအဝယ်၊ ဈေးရောင်းစသော တပိုင်တနိုင်စီးပွားရေးလုပ်ငန်းများတွင်လည်း ပါဝင် ဆောင်ရွက်ကြပါသည်။ ငွေချေးသော အိမ်ထောင်စုအချို့သည် အထပ်သားသစ်အချောထည် ထုတ်လုပ်သည့် စက်ရုံတွင် အလုပ်လုပ်ကိုင်ကြပြီး ရာဘာစေးခြစ်ခြင်း၊ ကွမ်းရူးခြင်းစသည့် လုပ်ငန်း များတွင်လည်း လုပ်ကိုင်ကြသဖြင့် လုပ်ငန်းပုံမှန်လည်ပတ်နိုင်မှသာ ပုံမှန်ဝင်ငွေ ရရှိနိုင်ကြပါသည်။ ကျေးရွာရွာတွင် မြေယာမဲ့အိမ်ထောင်စု အရေအတွက် မြင့်မားပြီး (၁၁၅)အိမ်ထိရှိကာ ဆင်းရဲ အလွန်ဆင်းရဲအဆင့်ရှိ အိမ်ထောင်စုများ ဖြစ်ကြပါသည်။**

**(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု ။ ။** ကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စု များပြားသော်လည်း ရာသီအလိုက် နှစ်ရှည် ဥယျာဉ်ခြံလုပ်ငန်း၊ ဝါးခုတ်ခြင်း၊ ထန်းခုတ် ထမ်းပျစ်ခြင်း၊ ရာဘာစေးလှီးခြင်း၊ လက်လီခေါင်းရွက်ဗျက်ထိုး ဈေးရောင်းခြင်း၊ ကွမ်းရူးခြင်း၊ ကုမ္ပဏီစက်ရုံဆင်းခြင်း၊ ပြည်ပထွက်၍လုပ်ကိုင်ခြင်းနှင့် တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းများ တွင် အလုပ်အကိုင်ရှာဖွေတွေ့ရှိနိုင်ကြပါသည်။ သို့သော်ထိုလုပ်ငန်းများသည် အရောင်းအဝယ် တွင်ကျယ်မှု၊ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ လုပ်ကိုင်ကြရသဖြင့် စီးပွားရေးအရ ထိခိုက် လွယ်မှု၊ ဈေးနှုန်းအတက်အကျအပေါ်မူတည်၍ လုပ်ကိုင်ကြရသဖြင့် စီးပွားရေးအရ ထိခိုက်လွယ်မှု များကြပါသည်။ ကျေးရွာရှိ ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုများမှ အိမ်ထောင်စု(၄၈)အိမ်ကို လေ့လာဆန်းစစ်မှုပြုလုပ်ရာ ယင်းအိမ်ထောင်စု အားလုံးသည် ဈေးဆိုင်များမှ လပေးခေါက်ပြန်ချေ စနစ်ဖြင့် ချေးငှားပြီးမှ နပ်မှန်စွာ စားသုံးနိုင်ကြကြောင်း တွေ့ရှိရပါသည်။ အကြွေးတင်ရှိမှုတွင်

တွေ့ဆုံခဲ့သော အဆိုပါ အိမ်ထောင်စုအားလုံးသည် အကြွေးငွေ(၂၀၀၀၀၀/–) ကျပ်မှ အများဆုံး သိန်းသုံးဆယ့်ငါးသိန်းကျပ်ထိ တင်ရှိနေကြပါသည်။

အိမ်ထောင်စုအားလုံး၏၃%သည် အမျိုးသမီးဦးဆောင် အိမ်ထောင်စုများဖြစ်ကြပြီး ဆင်းရဲကာ မိသားစုဦးရေ များပြားကြသည်။ ထို့အတူ အိမ်ထောင်စုသည် ကျေးရွာပြင်ပတွင် သွားရောက်အလုပ်လုပ်နေကြသော အိမ်ထောင်စု(၁၅)စုရှိပြီး မုဆိုးဖို အိမ်ထောင်စု(၁)စု နှင့် မုဆိုးမအိမ်ထောင်စု(၁၁)စု တို့သည် ဆင်းရဲသည့် ထိခိုက်လွယ်သော အိမ်ထောင်စုများ ဖြစ်ကြသည်။

အခြားထိခိုက်လွယ်သော အိမ်ထောင်စုများမှာ မိသားစုစောင့်ရှောက်မှု နည်းသူများ ဖြစ်သည့် သက်ကြီးရွယ်အို (၄)ဦးတို့ ဖြစ်ကြသည်။ ရွာပြင်ပသို့ သွားရောက်ပြီး ဝင်ငွေရရှိရေးအတွက် အလုပ်သွားရောက် လုပ်ကိုင်ကြသည့် လူငယ်လူရွယ်များသည် လိင်မှတဆင့် ကူးစက်တတ်သည့် ရောဂါများ၊ အရက်နှင့်မူးယစ်ဆေးဝါးသုံးစွဲမှု အန္တရာယ်တို့ရှိတတ်ကြသည်။

ကျေးရွာသည် အဝေးပြေးကားလမ်းပေါ်တွင်တည်ရှိ၍ ယခုနှစ်ပိုင်းအတွင်း ယာဉ်မတော်တဆဖြစ်ပွားမှု (၅)ကြိမ်ခန့်ဖြစ်ပွားခဲ့ပြီး လွန်ခဲ့သော နှစ်အတွင်းတွင်လည်း ယာဉ်မတော်တဆ မှုများပြားခဲ့ပြီး ရွာသားအချို့ထိခိုက်ဒဏ်ရာ ရမှုများရှိခဲ့သည်။

**(ဃ) ကျန်းမာရေး နှင့် အာဟာရ။ ။ ကျေးရွာသား အများစုသည် သာမန်အားဖြင့် ကျန်းမာရေး ကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှု ရှိကြသည်။ ကလေးငယ်အများစုသည် ကျန်းမာကြသည်။ သွေးလွန်တုပ်ကွေး ရောဂါမှာ ဖြစ်ပွားသူရှိသော်လည်း နည်းပါးပါသည်။ ယခင်က ငှက်ဖျားဖြစ်ပွားမှု များကြသော်လည်း ကျန်းမာရေးဌာန၊ ပြင်ပကျန်းမာရေးအဖွဲ့အစည်းများ ပူးပေါင်းပါဝင် ဆောင်ရွက်မှုကြောင့် ငှက်ဖျားရောဂါဖြစ်ပွားမှု မရှိကြတော့ပေ။ ကိုယ်ဝန်ဆောင်မိခင်နှင့်(၅)နှစ် အောက်ကလေးများအတွက် ကျန်းမာရေးဌာနမှ ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုနှင့် ဝက်သက် ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်းကို လစဉ်လကုန်ပြီး(၂)ရက်နေ့တွင် သတ်မှတ်ပြီး ဆောင်ရွက် သော်လည်းကျေးရွာမှ ကိုယ်ဝန်ဆောင်အချို့နှင့် ကလေးအချို့သည် လိုက်နာဆောင်ရွက်မှု မရှိကြ သည်ကိုလည်း တွေ့ရပါသည်။ အချို့သော ကိုယ်ဝန်ဆောင်များသည် ကျေးလက်ကျန်းမာရေးဌာန၊ ကျန်းမာရေး၀န်ထမ်းများနှင့်မဟုတ်ဘဲ အရပ်လက်သည်များနှင့်သာ သားဖွားမှု ပြုကြသည်ကိုလည်း တွေ့ရှိရပါသည်။ ကျေးရွာသားများသည် ကျန်းမာရေးမကောင်းဖြစ်ပါက ကျန်းမာရေး စောင့်ရှောက်မှုကို ကျေးရွာတွင် ရရှိနိုင်ကြပြီး မြို့နယ်ဆေးရုံသို့လည်း (၁၀)မိနစ်ခန့် ကားလမ်းဖြင့် အလွယ်တကူသွားလာနိုင်ပါသည်။ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများသည် တစ်ကိုယ်ရည် သန့်ရှင်းရေးနှင့် ကျန်းမာရေးအသိအမြင်များ အသင့်အတင့်ရှိကြပါသည်။ကျေးရွာ၏ ကျေးလက် ကျန်းမာရေးစောင့်ရှောက်မှုကို ကျေးရွာနှင့်(၂)မိုင်ခန့်ဝေးသော ကော့ဘိန်းကျေးလက်ကျန်းမာရေး ဌာနခွဲမှ ရရှိပါသည်။**

**(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အသင့်အတင့် အခြေအနေသာရှိကြောင်း တွေ့ရပါသည်။ ကျေးရွာသားအများစုသည် အခြေခံ အရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက် နည်းပါးပါသည်။ အခြေခံပညာရေးကို ရွာထဲရှိ မူလတန်း၊ မူလွန်ကျောင်းတို့တွင်

တက်ရောက်ပညာသင်ကြားနိုင်ကြပါသည်။ အလယ်တန်း၊ အထက်တန်းပညာရေးကို ကျူချောင် အ.ထ.က နှင့် ကျိုက်ထို အ.ထ.က တို့တွင် ကားလမ်းဖြင့် လွယ်ကူစွာ တက်ရောက်နိုင်ပါသည်။ ကျေးရွာ မူလွန်ကျောင်းတွင် သတ္တမတန်းထိ ပညာသင်ယူနိုင်ပြီး ကျောင်းဆောင်သစ်နှင့် ကျောင်းပရိဘောဂ၊ ကျောင်းဆရာမ လုံလောက်စွာ ရှိပါက အဋ္ဌမတန်းအထိ အလယ်တန်းကျောင်း ဖွင့်လှစ်ကာ ပညာသင်ယူနိုင်မည် ဖြစ်ပါသည်။ ယခုလက်ရှိပညာသင်နှစ်တွင် မူလွန်ပညာရေးအထိ ဆရာမအရေအတွက်(၉)ဦးရှိရာ ဆရာမတစ်ဦးသည် စစ်ကိုင်းပညာရေးကျောင်းတွင် နှစ်ပတ်လည် သင်တန်းတက်ရောက်နေ၍ ဆရာမဦးရေ (၈)ဦးသာရှိပြီး လက်ရှိ ကျောင်းသားအရေအတွက်မှာ (၄၀၈)ဦး ရှိသည့်အတွက် ဆရာမအင်အား လုံလောက်မှု မရှိသေးပေ။ ထို့အပြင် ပတ်လည်ကျေးရွာရှိ မူလတန်းအောင်ကလေးများလည်း ဤကျောင်းတွင် တက်ရောက်ပညာသင်ကြားကြပါသည်။ ကျေးရွာတွင် ဆင်းရဲသောအိမ်ထောင်စုများပြားပြီး ကျပန်းလုပ်ငန်းလုပ်ကိုင်ကြခြင်း၊ ပညာရေးအားပေးမှု အားနည်းဖြင်းကြောင့် ကလေးများ ကျောင်းထွက်နှုန်းနှစ်စဉ် (၁၂)ဦးခန့်ရှိကာ ထိုကလေးများသည် ပြင်ပကျောင်းပညာရေးတွင် လက်ရှိပညာသင်ကြားလျှက်ရှိပါသည်။ အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှု ကဏ္ဍမှာ လူငယ်လူရွယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းများ နည်းပါးဆဲ ဖြစ်ပါသည်။

**(စ) ကျား၊မဆိုင်ရာ ဆက်နွယ်မှု။** ။ ကျေးရွာတွင် ကျား–မရေးရာကိစ္စဆိုင်ရာ အနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျားမရေးရာဆိုင်ရာ တာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာလူမှု အဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာ သတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့်မ အကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။

ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာ ရေးနှင့်အခြားနယ်ပယ်များ တွင် အခွင့်အရေးတူညီစွာ ရှိသည်ဟု ယေဘုယျအားဖြင့် ပြောနိုင်သည်။ယခင်ကကျေးရွာတွင် ယောကျာ်းလေးများသည် မိန်းကလေးများထက် ပညာတတ်မြောက်မှုတွင် ပိုသော်လည်း ယခုအခါတွင် မိန်းကလေးများသည် ယောကျာ်းလေးများနှင့်တန်းတူ ပညာသင်ယူနိုင်ပြီး ပညာတတ်မြောက်မှုတွင်လည်း ဘွဲ့ရအရေအတွက်တွင် မိန်းကလေးများကသာပိုပါသည်။

သို့သော် ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရကြသည်။ အမျိုးသမီး များသည် ယောကျာ်းလေးများထက် လုပ်အားခရငွေနည်းသော်လည်း အင်အားစိုက်ထုတ်ရသည့် ခွန်အားမှာလည်း နည်းပါသည်။ ရာဘာအစေးလှီးသည့် လုပ်ငန်းများတွင်လည်း အမျိုးသမီး၊ အမျိုးသား အင်အားစိုက်ထုတ်လုပ်ဆောင်ရခြင်း တူညီပြီး လုပ်အားခရခြင်းမှာ တူညီပါသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူ အမျိုးသမီးပါဝင်မှုတို့မှာ အလွန်လျော့နည်းလျှက်ရှိပါသည်။ သို့သော် ကျေးရွာဖွံ့ဖြိုးရေးအတွက် လူမှုအဖွဲ့အစည်းများတွင်မူ မိန်းကလေးပါဝင်မှုများရှိပြီး ပါဝင် ဆွေးနွေးမှုနှင့် လုပ်ငန်းလုပ်ဆောင်မှု မှာလည်း အလွန်အားကောင်းပါသည်။

**(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ**

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ် အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန်များစွာ အထောက်အကူပြုနိုင်ပါသည်။

**(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်။** ။ ကျေးရွာတွင်လူမှုရေးဆိုင်ရာ အဖွဲ့အစည်း (၁၁)ဖွဲ့၊ ဘာသာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ (၃)ဖွဲ့ရှိသည်။ ယင်းအဖွဲ့များအနက် ပြင်ပမှ ဖွဲ့စည်းပေးသော လူမှုရေးဆိုင်ရာအဖွဲ့ဖြစ်သည့် အမျိုးသမီးရေးရာအဖွဲ့မှာ လှုပ်ရှားဆောင်ရွက်မှု အားနည်းသည်။ အိုးသူကြီးအဖွဲ့နှင့် လူငယ်များအဖွဲ့မှာ လူမှုရေးကိစ္စနှင့် သာရေးနာရေးလုပ်ငန်း များကို ဆောင်ရွက်လျှက်ရှိပြီး လှုပ်ရှားဆောင်ရွက်မှုအားကောင်းသည်။ မြန်မာ့အသေးစားငွေကြေး အဖွဲ့ကို ပြင်ပမှ ဖွဲ့စည်းပေးထားပြီး အသေးစားငွေစုငွေချေးလုပ်ငန်းကို လည်ပတ်ဆောင်ရွက် လျှက်ရှိပါသည်။ နာရေးကူညီမှုအသင်းမှာ နာရေးကိစ္စအပါအဝင် လူမှုရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျှက်ရှိပြီး လှုပ်ရှားဆောင်ရွက်မှုအားကောင်းသည်။ ကျေးရွာရှိ အဆိုပါအဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြားချိတ်ဆက်ဆောင်ရွက်မှု အားကောင်းပြီး၊ အဆိုပါအဖွဲ့အစည်းမှာ ကျေးရွာ တွင်းရှိ အဖွဲ့အစည်းများသာ ဖြစ်ပါသည်။

**(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ။ ။ ကျေးရွာတွင် ကွမ်း၊ ရာဘာ၊ တောင်ထန်းနှင့် ဝါးများကို အဓိကထား စိုက်ပျိုးကြသည်။ ကွမ်းစိုက်ပျိုးကေမှာ (၅၀)ကေနှင့်ရာဘာ စိုက်ကေမှာ (၁၀၅)ကေနှင့် တောင်ထန်းစိုက်ကေမှာ (၁၀၀)ကေနှင့် ဝါးစိုက်ကေမှာ (၂၀၀)ကေ စိုက်ပျိုးကြပါသည်။ အဆိုပါ နှစ်ရှည်စိုက်ပျိုးပင်များကို (ဇွန်)လတွင် စိုက်ပျိုးကြပြီး (ကွမ်း)ပျမ်းမျှ အထွက်နှုန်းမှာ (၁)ကေလျှင် (၈၀၀)ပေါင် ထွက်ရှိပါသည်။ တောင်ထန်းပျမ်းမျှ အထွက်နှုန်းမှာ (၁)ကေလျှင်(၃၅၀၀)ပျစ် ထွက်ရှိပါသည်။ (ဝါး) ပျမ်းမျှ အထွက်နှုန်းမှာ (၁)ကေလျှင် (၇၅၀၀)လုံး ထွက်ရှိကြပါသည်။**

**စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများ ရရှိနိုင်ကြပြီး စိုက်ပျိုးရေးပစ္စည်းကုမ္ပဏီများမှလည်း ခြံတောင်သူများအတွက် ဝန်ဆောင်မှုများပေးပါသည်။ ခြံတောင်သူအများစုသည် ခြံစိုက်ပျိုးရေးလုပ်ငန်းခွင်အတွက် အလုပ်သမားမလုံလောက်မှုပြဿနာကို ရင်ဆိုင်ရတတ်ပြီး လုပ်အားခပိုမိုပေးမှ အလုပ်သမားများကို ငှားရမ်းရရှိနိုင်ကြကာ ကုန်ကျစရိတ်မြင့်မားရပါသည်။ တစ်ချို့ခြံတောင်သူများသည် အလုပ်သမားရှားပါးမှုနှင့် ကုန်ကျစရိတ်မြင့်တက်မှုတို့ကို ကျော်လွှားနိုင်ရန်တွက် ခြံစိုက်ပျိုးရာတွင် အချိန်လွန်စိုက်ပျိုးရ၍ အထွက်နှုန်းကျဆင်းခြင်း၊ ပျိုးပင်များ မသန်စွမ်းခြင်း၊ ပျက်စီးခြင်းများ ကြုံရတတ်ပါသည်။ တစ်ချို့သော တောင်သူများသည် အလုပ်သမားများပေါ်များရေးနှင့် ကုန်ကျစရိတ်များ ကျဆင်း၍ လုံလောက်မှုများ ရရှိနိုင်ရန်လိုလားကြပါသည်။ ကျေးရွာတွင် ဝက်မွေးသူအိမ်ထောင်စုအရေအတွက်မှာ တစ်ရွာလုံး၏ (၁၀)အိမ်ဝန်းကျင်သာရှိပြီး ဒေသမှ ဝက်မျိုးများကို မွေးမြူကြသည်။ ဒေသဆိတ်မွေးသည့် အိမ်ထောင်စုသည်လည်း တစ်ရွာလုံး၏၇%ခန့်ရှိပြီး ဒေသကြက်မွေးသည့် အိမ်ထောင်စုမှာ တစ်ရွာလုံး၏ ၂၅%ခန့်ရှိပါသည်။ ဈေးကွက်တွင် ဝယ်လိုအားရှိပါသည်။ ရာသီအလိုက်ဖြစ်ပွားတတ်သော တိရိစ္ဆာန်ရောဂါများ အထူးသဖြင့် ကြက်လည်လိမ်ရောဂါသည် အဖြစ်များပြီး ရောဂါကြောင့် သေဆုံးပျက်စီးမှုများလည်း ဖြစ်တတ်ပါသည်။ နည်းပညာဝန်ဆောင်မှုကို**

**မြို့နယ်မွေးကုဋ္ဌီ:စီးဌာနမှ ရရှိနိုင်သော်လည်း ဝန်ထမ်းမလုံလောက်မှုကြောင့် လွှမ်းခြုံဆောင်ရွက်ပေးနိုင်မှု အားနည်းသည်။ မွေးမြူရေးလုပ်ငန်းပိုင်းဆိုင်ရာ အဟန့်အတားများအနေဖြင့် ဆင်းရဲသော အိမ်ထောင်စုများက မွေးမြူရေးလုပ်ငန်းတည်ထောင်၊ တိုးချဲ့ဆောင်ရွက်ရန် ချေးငွေကို လုံလောက်စွဥ္ဍီ မရရှိနိုင်ကချေ။ ရွာထဲမှ ငွေချေးသူများထံမှ ချေးငှားလျှင်လည်း အတိုးနှုန်းမှာ မြင့်မားတတ်ပါသည်။ ကျေးရွာတွင် မွေးမြူရန် မြေနေရာအဆင်မပြေသောကြောင့် ငါးမွေးမြူရေးလုပ်ငန်းများ မရှိပါ။**

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ။ ။** ကျေးရွာတွင် အိမ်တွင်းထုတ်ကုန်လုပ်ငန်းအဖြစ် ကွန်ကရစ်လုပ်ငန်း အဓိကလုပ်ကိုင်သူ(၃)အိမ်ရှိပြီး ကျေးရွာမှ လုပ်သား အချို့လည်း နေ့စားအဖြစ် ဝင်ရောက်လုပ်ကိုင်ကြပါသည်။ တောင်ထန်း၊ ဝါးအရောင်းအဝယ်လုပ်ကိုင်သူ ကွမ်းပွဲစားများရှိပြီး ထိုပွဲစားများထံတွင်လည်း နေ့စား၊ လစားအဖြစ် ဝင်ရောက်လုပ်ကိုင်နိုင်ကြပါသည်။ အခြားဝင်ငွေရလုပ်ငန်းများအဖြစ် ခြံလုပ်သား နေ့စားဆင်းခြင်း၊ သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုများ ထမင်းဆိုင်၊ လက်ဘက်ရည်ဆိုင်၊ ဈေးရောင်း၊ ခေါင်းရွက်ဗျက်ထိုး၊ ရာဘာခြံများမှ ထင်းခုတ်ရောင်းခြင်းတို့ လုပ်ကိုင်ကြပါသည်။ ထို့အပြင် ရာသီအလိုက် ရာဘာအစေးလှီးခြင်း၊ ထန်းခုတ်ထန်းပျစ်ခြင်း၊ တောင်ထန်းခွဲခြင်း၊ ဝါးခုတ်ခြင်း၊ ကွမ်းစိုက်ပျိုးခြင်း၊ ကွမ်းခြံလုပ်ငန်း၊ ကွမ်းခူးခြင်းတို့ကိုလည်း လုပ်ကိုင်နိုင်ကြပါသည်။ သို့သော် ထိုလုပ်ငန်းများသည် ဈေးနှုန်းအတက်အကျအပေါ် မူတည်၍ အလုပ်အကိုင် အခွင့်အလမ်း ရနိုင်သဖြင့် တွက်ခြေကိုက်မှု အသင့်အတင့်ရှိပြီး ဈေးနှုန်းကျပြီး ဝယ်ယူမှု အားနည်း သည့် အချိန်များတွင် အလုပ်အကိုင်နှင့်ဝင်ငွေမမျှခြင်းကြောင့် တွက်ချေကိုက်မှု နည်းပါးသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေအသင့်အတင့်သာရှိခြင်းသည် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုအတွက် နှောင့်နှေးစေသော အချက်ဖြစ်ပါသည်။ မြို့ပေါ်တွင် အသက်မွေး ဝမ်းကျောင်းသင်တန်းအချို့ကို ဝန်ဆောင်မှုပေးနိုင်သော လုပ်ငန်းများရှိသော်လည်း ရွာသားအများစု သည် အဆိုပါ သင်တန်းများနှင့် အထိအတွေ့နည်းပါးကြပါသည်။ ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေး ဌာနမှ ကျေးရွာသားများအတွက် အသက်မွေးဝမ်းကျောင်း ပညာရပ်ဖြစ်သော အလှပြုပြင်ရေး၊ ဆပ်ပြာမွှေး/ရည်ပြုလုပ်ခြင်း၊ ခေါင်းလျှော်ရည်ပြုလုပ်ခြင်း၊ ဆိုင်ကယ်ပြုပြင်ခြင်း စသည့် ဝင်ငွေရလုပ်ငန်းများကို သင်တန်းပေးပြီးဖြစ်၍ သင်တန်းသားလုပ်သားအချို့သည် စတင်ပြီး အကောင်အထည်ဖော် ဆောင်ရွက်နေပြီး ဖြစ်ပါသည်။ လုပ်ငန်းထူထောင်ရန်အတွက် ကုန်ကျစရိတ် များပြားသော လုပ်ငန်းကိုဆောင်ရွက်နိုင်ရန် အခက်အခဲများရှိပြီး ပိုမိုတက်ကျွမ်းရန်အတွက် သင်တန်းများ ထပ်မံတက်ရောက်ရန်လည်း လက်လှမ်းမီတတ်နိုင်မှု အားနည်းကြပါသည်။ ငွေကြေးတတ်နိုင်သော အိမ်ထောင်စု အချို့သာ အပ်ချုပ်သင်တန်းသို့ အခကြေးငွေ အကုန်အကျ ခံကာ ပို့လွှတ်သင်ကြားကြပါသည်။

**(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု။ ။ ကျေးရွာပတ်ဝန်းကျင်တွင် သစ်တောကြီးများအား ခုတ်ထွင်ရှင်းလင်းပြီး ရာဘာစိုက်ခင်းများ အများအပြားစိုက်ပျိုးကြသဖြင့် အဖိုးတန်သော သစ်ပင်ကြီးများ ရှားပါးလာကာ တိရိစ္ဆာန်မျိုးစိတ်များလည်း မရှိသလောက်**

**ရှားပါးကုန်ပြီ ဖြစ်ပါသည်။ သစ်တောကြီးများ ပြုန်းတီးသော်လည်း ရာဘာခြံ၊ တောင်ထန်း၊ ဝါးများကို စိုက်ပျိုးထားကြသဖြင့် မိုးခေါင်ခြင်း၊ မြေဆီလွှာ ပျက်ဆီးခြင်း စသည့် သဘာဝဘေးအန္တရာယ်များ မရှိခဲ့ပေ။ ကျေးရွာသည် မြေမြင့်သော ကုန်းတွင်းပိုင်း ဒေသတွင် တည်ရှိပြီး ရေကြီးရေလွှမ်းခြင်း၊ မုန်တိုင်းဘေးအန္တရာယ်တို့ နည်းပါးသည်။ မုတ္တမ ပင်လယ်ကွေ့ အတွင်း မုန်တိုင်းဝင်ရောက်မှသာ တစ်ခါတစ်ရံ လေကြီးတိုက်ခြင်းများ ဖြစ်ပေါ်တတ် ပါသည်။ စွန့်ပစ်ပစ္စည်းများ ပလတ်စတစ်အိတ်များကို မီးရှို့ကြခြင်း၊ ပုလင်းခွံ၊ ဗူးခွံများကို ပြန်လည် ရောင်းချကြခြင်းကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု လျော့နည်း ပါသည်။**

**(င) ဘဏ္ဍာ နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု။ ။** ကျေးရွာတွင် ကျေးရွာသားများ အနေဖြင့် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်၊ ဝေးလံမြို့နယ်များ လူမှုဖွံ့ဖြိုးရေးစီမံကိန်းမှ ဖွဲ့စည်းပေးထားခဲ့သော အသက်မွေးဝမ်းကျောင်း အဖွဲ့ရှိပြီး အဖွဲ့ဝင်ဦးရေ (၂၀၀)ရှိကာ တစ်နှစ်အတိုးနှုန်း၂% ဖြင့် ချေးငွေပမာဏ(၁၂၀၀၀၀)ကျပ်ကို အဖွဲ့ဝင်များ ငွေချေးယူနိုင်ကြပါသည်။ ထို့အပြင် ကိုယ့်အားကိုယ်ကိုး ငွေစုငွေချေးအဖွဲ့(၃)ဖွဲ့ရှိပြီး အဖွဲ့ဝင်စုစုပေါင်း(၃၅)ဦးရှိကာ ချေးငွေအတိုးနှုန်း၂%ဖြင့် ချေးငွေ(၅၀၀၀၀၀ိ/-)ကျပ်မှ (၁၅၀၀၀၀ိ/-) ကျပ်အထိ ချေးယူနိုင်ကြပါသည်။ ချေးငွေကာလမှာ တစ်နှစ်အတွင်း ဖြစ်ပါသည်။ ၂၀၁၅ခုနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင် ငွေချေးအဖွဲ့ဖွဲ့စည်းပေးကာ အဖွဲ့ဝင်ဦးရေ(၂၅၃)ခန့်ရှိပြီး အသင်းသားတစ်ဦးလျှင် (၁၂၀၀၀၀)ကျပ်ကို အတိုးနှုန်း၁% အသက်မွေးဝမ်းကျောင်း လုပ်ငန်းအတွက် ငွေချေး ယူနိုင်ကြပါသည်။ သမဝါယမမှ လူတစ်ဦးလျှင် (၁၀၀၀၀၀) ကျပ်ဖြင့် အတိုးနှုန်း ၁ကျပ်ခွဲယူကာ ချေးငွေကာလ (၆)လသတ်မှတ်ပြီး အသင်းသားဦးရေ (၉၀)ဦး ငွေချေးယူနိုင်ကြပါသည်။ ထို့အပြင် ပုဂ္ဂလိက ငွေစုငွေချေးအဖွဲ့များဖြစ်သော ရာဘာခြံတောင်သူများသာ ထုတ်ချေးယူနိုင်သည့် ရာဘာချေးငွေများကိုလည်း အတိုးနှုန်း၂% ဖြင့် ငွေချေးယူနိုင်ကြပါသေးသည်။ ငွေချေးယူ ရရှိနိုင်သော ချေးငွေအဖွဲ့အားလုံးသည် တင်းကျပ်၍ လိုက်နာနိုင်သော စည်းမျဉ်းစည်းကမ်းများ ထားရှိပါသည်။ အချို့သောအိမ်ထောင်စုများမှာ ရွာထဲရှိ ငွေတိုးချေးစားသူများထံမှ အတိုးနှုန်း၁၀%ဖြင့် လည်းကောင်း၊ ဆွေမျိုးမိသားစုများထံမှ အတိုးနှုန်း ၅%ခန့်ဖြင့်လည်းကောင်း ချေးယူနိုင်ကြပါသည်။ ကျေးရွာသား အများစုသည် ချေးငွေကို အကြောင်းရင်းမျိုးစုံ (စားနပ်ရိက္ခာ၊ ပညာရေး၊ ကျန်းမာရေး၊ လုပ်ငန်းအသုံးစရိတ်)တို့အတွက် အထူးသဖြင့် စားနပ်ရိက္ခာအတွက် ချေးယူကြပြီး ကျေးရွာတွင် ချေးငွေလိုအပ်ချက် များပြားကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် အကြွေးထားရှိမှု အနေအထားကို လေ့လာဆန်းစစ်ချက်အရ ပါဝင်သော ဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ်ထောင်စုများအားလုံးသည် အကြွေးယူထားကြပြီး အကြွေးငွေ ၂၀၀၀၀ိ/- ကျပ်မှ ၃၅၀၀၀၀ိ/- ကျပ်အထိ ချေးယူထားကြောင်း တွေ့ရှိရပါသည်။ ထိုအိမ်ထောင်စုများ၏ ၁၆%သည် အကြွေးငါးသိန်းအောက် ချေးယူထားပြီး ၈၃% သည် ငါးသိန်းအထက်ချေးယူထားကြောင်း တွေ့ရှိရပါသည်။

**(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး။ ။** ကျေးရွာတွင် မူလတန်း ကျောင်းသားကျောင်းသူများအတွက် ၅၀'_၃၀'_၁၄' ရှိသော အဆောင်တစ်ဆောင်နှင့် ၃၀'_၃၀'_၁၄'_၄၀'_၃၀'_၁၁' ရှိသော နှစ်ဆောင်တွဲအဆောင်ရှိပြီး အင်္ဂတေခင်း၊ အုတ်ကာ၊ သွပ်မိုး

အဆောင်တို့ဖြင့် လုံခြုံစွာ ပညာသင်ကြားနိုင်ပြီး မူလွန်ကျောင်းသားများအတွက် ၆၀'_၃၀'_၁၂' အဆောင်တစ်ဆောင်နှင့် ၁၂၀'_၃၀'_၁၂'ရှိသော အဆောင်တစ်ဆောင်တို့ရှိပြီး ၎င်းအဆောင်များ သည် ဝါးတိုင်၊ ထန်းဖက်ကာ၊ ထန်းဖက်မိုးနှင့် မြေစိုက်အဆောင်များ ဖြစ်ကြပါသည်။ ထိုအဆောင် များအတွက် ၁၂၀'_၃၀'_၁၄' ရှိသော အုတ်ကျောင်း ကျောင်းဆောင်သစ်ရရှိရန် ပညာရေးဌာနသို့ တင်ပြထားပြီး ဖြစ်ပါသည်။ လက်ရှိပညာသင်နှစ်တွင် သတ္တမတန်းအထိ ပညာသင်ကြားနိုင်ပြီး ကျောင်းသားများအတွက် ကျောင်းပရိဘောဂများ လုံလောက်သော်လည်း နောင်နှစ်ပညာသင်နှစ် ထပ်မံတိုးတက်လာမည့် ကျောင်းသား/ကျောင်းသူများအတွက် ကျောင်းပရိဘောဂနှင့် ကျောင်း စာရေးကိရိယာများ ထားရှိရန် စာအုပ်ဗီရိုများ၊ စားပွဲခုံများ ပြည့်စုံမှု မရှိသေးပေ။ ကျေးရွာတွင် စာမတတ်သူများ ၆%ရှိပြီး မိန်းကလေးအရေအတွက်သည် ယောကျ်ားလေးအရေအတွက်ထက် ပိုများပါသည်။ စာမတတ်သူများတွင် သက်ကြီးရွယ်အိုများပါဝင်ပြီး လူလတ်ပိုင်းများလည်း ပါဝင်ပါသည်။ ကျေးရွာလူဦးရေ၏ ၄၅%သည် စာရေးတတ်ဖတ်တတ်ကြပြီး ၁၂%ခန့်မှာ ဘွဲ့ကြီးကျောင်းပညာရေး ပြီးဆုံးသူများ ဖြစ်ပါသည်။ ယခုနှစ် ကျောင်းအပ်နှံသည့် နှုန်းထားသည် ကျေးရွာရှိ မူလတန်းအရွယ်နှင့် အလယ်တန်းအရွယ်ရှိသူ အရေအတွက်ထက် ပိုနေကြောင်း တွေ့ရှိရကာ ၎င်းမှာ မူလတန်းတွင် ၉နှစ်၊ အလယ်တန်းတွင် ၁၄နှစ်ထက်ကြီးသော ကျောင်းသားများပါရှိခြင်း၊ အနီးကျေးရွာများဖြစ်သော မမှိုချောင်၊ ထင်းပုံကုန်း၊ ကျူချောင်ကျေးရွာ တို့မှ ကျောင်းသားများ တက်ရောက်နေကြခြင်းတို့ကြောင့် ဖြစ်ပါသည်။ မူလတန်းပြ ဆရာမ(၅)ဦး၊ အလယ်တန်းပြ(၄)ဦးရှိပါသည်။ ဆရာမတစ်ဦး: စစ်ကိုင်းပညာရေးကျောင်းသို့ သင်တန်းအတွက် ခွင့်ယူထားပြီး (၉)ဦးအရေအတွက်နှင့် အချိုးချပါက (၄၅)ဦးရှိသဖြင့် ဆရာ/မ အင်အားလုံလောက်မှု မရှိသေးပေ။ မူလတန်းကျောင်းသားများအတွက် ပြဌာန်းစာအုပ်နှင့် လေ့ကျင့်ခန်းစာအုပ်များ၊ ကျောင်းဝတ်စုံတစ်စုံစီကို ပညာရေးဌာနမှ အခမဲ့ ပံ့ပိုးပေးခဲ့ပါသည်။

ကျေးရွာသည် ကော့ဘိန်းကျေးလက်ကျန်းမာရေးဌာနခွဲအောက်တွင် ရှိပြီး သားဖွားဆရာမမှ ကိုယ်ဝန်ဆောင် မိခင်စောင့်ရှောက်မှုနှင့် ၅နှစ်အောက်ကလေးများ ကာကွယ်ဆေးထိုးခြင်းကို လစဉ်ဆောင်ရွက်မှုပေးပါသည်။ ကျေးရွာတွင် ကျိုက်ထိုမြို့နယ်ဆေးရုံ၌ တာဝန်ကျသော သူနာပြုဆရာမတစ်ဦးနှင့် ကျန်းမာရေးမှူးတစ်ဦး:တို့ နေထိုင်ရာ ထိုသူတို့ထံတွင်လည်း ဆေးဝယ်ယူရရှိနိုင်ပြီး ဝန်ဆောင်မှု လက်လှမ်းမီပါသည်။ ကျေးရွာတည်နေရာသည် ကျယ်ဝန်းပြီး ကျေးရွာအိမ်ထောင်စုအချို့သည် ခြံများတွင်သာ သွားရောက်နေထိုင်ကြသဖြင့် ကိုယ်ဝန်ဆောင် စောင့်ရှောက်မှုနှင့် ကာကွယ်ဆေးထိုးလုပ်ငန်းများတွင် လစ်ဟာမှုများရှိပါသည်။ ထို့အပြင် အချို့သော အိမ်ထောင်စုများသည် ကျန်းမာရေး ဗဟုသုတအားနည်းခြင်း၊ ရွာနှင့်(၂)မိုင်ခန့်ဝေးသော ကျေးလက်ဆေးပေးခန်းတွင် သွားရောက်၍ မီးဖွားရခြင်း၊ တာဝန်ကျဆရာမသည် တာဝန်ယူရသော ကျေးရွာများခြင်းတို့ကြောင့် အိမ်တွင်သာ အရပ်လက်သည်များနှင့်မီးဖွားခြင်းပြုကြကာ ကျေးရွာသားများသည် ကျွန်းတော၊ နောင်ဘိုပိုင် သားဖွားခန်းအပြည့်အစုံနှင့် ကျေးလက် ကျန်းမာရေးဆေးပေးခန်း ရရှိရန် ဆန္ဒပြုပါသည်။

သောက်သုံးရေအတွက် သန့်ရှင်းသော မြေအောက်ရေရှိပါသည်။ ကျေးရွာတွင် ရေတွင်း(၁၀၅)တွင်း ရှိပြီး အဝီစိတွင်း(၁)တွင်းရှိပါသည်။ မြေအောက်ရေရှိသော်လည်း ရေထွက်ပင်ရင်းဝေးသဖြင့်

ရေတွင်းအားလုံးမှာ နွေရာသီ ရေရှားပါးချိန်တွင် လုံလောက်မှု မရှိတော့ပါ။ အထူးသဖြင့် တပေါင်း၊ တန်ခူး၊ ကဆုန်လများတွင် ရေရှားပါးသွားပြီး အခြားနေရာများမှ ရေအကူအညီရယူကာ သုံးစွဲကြပါသည်။ အဝီစိတွင်းတူးကာ သုံးစွဲနိုင်သော်လည်း ငွေကြေးအင်အားတတ်နိုင်မှုမရှိကြပါ။ ချမ်းသာသော အိမ်ထောင်စုများသည် အိမ်သာကြွင်းကို အုတ်ဖြင့် ဆောက်လုပ်ထားပြီး ဆင်းရဲသော အိမ်ထောင်စုများသည် သစ်၊ ဝါးများဖြင့် ယင်လုံအိမ်သာ များ ဆောက်လုပ်သုံးစွဲကြပါသည်။ ခြံပိုင်မရှိသော အိမ်ထောင်စု အချို့သည် ယင်လုံအိမ်သာ သုံးစွဲမှု မရှိကြဘဲ ကျေးရွာမှ ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲနိုင်ရန်အတွက် အစီအစဉ်များ ချမှတ်ဆောင်ရွက်ကြမည် ဖြစ်ပါသည်။ လူနေအိမ်ကျဲပါးပြီး ခြံထဲများတွင် နေထိုင်ကြသည့်အတွက် ယင်နှင့်ဆက်စပ်ဖြစ်ပွားတတ်သည့် ရောဂါများကူးစက်တတ်သည်အထိ ဖြစ်ပွားလေ့မရှိပေ။ စာသင်ကျောင်းတွင်းရှိ ကျောင်းအိမ်သာမှာ စနစ်တကျ ဆောက်လုပ်ထားပြီး အသုံးပြု၍ လွယ်ကူသော်လည်း ကျောင်းသားများအတွက် လုံလောက်မှု မရှိပါ။

**(ဆ) လူငယ် နှင့် ယဉ်ကျေးမှု။** ။ လူငယ်များအတွက် အနားယူနိုင်သည့် အနေအထား သီးသန့်မရှိပါ။ သူတို့သည် ကျေးရွာရှိ လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပါသည်။ ဘာသာရေးပွဲတော်များ၊ သာရေး၊ နာရေးအလှူမင်္ဂလာပွဲများတွင် အကျွေးအမွေး ဧည့်ခံခြင်း၊ ပစ္စည်းသယ်ယူပို့ပေးခြင်း၊ မဏ္ဍာပ်ဆောက်ပေးခြင်းနှင့် ဗာဟီရလုပ်ငန်းများကို ပါဝင်ဆောင်ရွက်ပေးကြပါသည်။ နွေရာသီရေရှားပါးချိန်တွင် လူငယ်များစုစည်းကာ ရန်ပုံငွေစု၍ အိမ်တိုင်ရာရောက်ရေလှူပေးခြင်း၊ ကျေးရွာသန့်ရှင်းရေးအတွက် လုပ်အားပေးခြင်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ပေးသော်လည်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် သီးသန့်အကောင်အထည်ဖော် ဆောင်ရွက်ပေးခြင်း မရှိသေးပါ။

**(ဇ) အခြေခံ အဆောက်အဦများအား လက်လှမ်းမီမှု (လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်း နှင့် ဆက်သွယ်ရေး)**

**၂၀၁၃ခုနှစ်တွင် ပေ၉၀၀၀ အရှည်ရှိ ကျေးရွာချိတ်ဆက်လမ်းကို ကျေးရွာဖွံ့ထောက်အဖွဲ့က နိုင်ငံတော်အကူအညီဖြင့် ဂဝံကျောက်ခင်းလမ်းခင်းပေးခဲ့သည်။ကျေးရွာရှိ ရွာတွင်းလမ်းများမှာ မြေသားလမ်းဖြစ်ပြီး သုံးဘီးဆိုင်ကယ်များကို အသုံးပြုမောင်းနှင်ကြသည်။ ရေလမ်းခရီး အသုံးပြုမှုမရှိဘဲ လမ်းပန်းဆက်သွယ်ရေးအတွက် မော်တော်ဆိုင်ကယ်(၁၄၁)စီးနှင့် စက်ဘီး(၁၆၈) စီး၊ သုံးဘီးဆိုင်ကယ်(၅)စီးနှင့်ဖောကား(၂)စီးတို့ကို အသုံးပြုလျှက်ရှိပါသည်။**

**ကျေးရွာတွင် လျှပ်စစ်မီးကို ၂၀၁၄ခုနှစ်မှစ၍ ကိုယ်ထူကိုယ်ထ စနစ်ဖြင့် စတင်လုပ်ဆောင်ဆက်သွယ်ထားရှိပြီး ကျေးရွာရှိ အိမ်ထောင်စုအားလုံးဖြင့် ၂၁%ခန့်သည် ၂၀၁၆ခုနှစ်မှသာလျှင် သွယ်တန်းအသုံးပြုနေကြပြီး ဖြစ်ပါသည်။ ဝပ်အား (၃၅၀)ရှိသော ထရန်စဖော်မာကို တည်ထောင်ထားပြီး မီးလင်းရေးကော်မတီ( )ဦးရှိပါသည်။ လျှပ်စစ်မီးသွယ်တန်းမှု၊အသုံးပြုမှု အခြေအနေကို ပုံမှန် စစ်ဆေးပေးရန်နှင့် မီးလင်းရန်အတွက် ကုန်ကျစရိတ် သိန်းခုနှစ်ရာကျော်ခန့်ဖြင့် ထိုငွေကို(၂)ကျပ်တိုးဖြင့် မီးလင်းရေးကော်မတီများမှ ငွေတိုးချေးယူကာ မီးလင်းအောင် ဆောင်ရွက်ထားရှိပါသည်။ ထိုအပြင် ကျေးရွာတွင် မီးယူသည့်အိမ်**

(၆၂)အိမ်ရှိပြီး ကျန်ရှိသည့် အိမ်များမှာ မီးလင်းရန် အခက်အခဲရှိနေပါသေးသည်။

**ကျေးရွာတွင် ကျေးရွာသားများအတွက် လုံလောက်သည့် ထရန်စဖော်ဖာအိုးရှိပြီး မီးတိုင်များလည်း အပြည့်အစုံသွယ်တန်းပြီးသော်လည်း အိမ်ထောင်စုများသည် မီးလင်းရန်အတွက် ကုန်ကျငွေ အခက်အခဲရှိနေကြပါသည်။ မီးလင်းရေးကော်မတီသည် မီးတပ်ဆင်သုံးစွဲသည့် အိမ်ထောင်စုကို မီတာဘောက်ကြေး ၁၀၅၀၀ကျပ်၊ လိုင်းကြေး ၅၀၀၀၀၀ကျပ် သတ်မှတ်ပေးထားသော်လည်း တပ်ဆင်သုံးစွဲနိုင်ခြင်းမရှိပေ။ ကျေးရွာအိမ်ထောင်စု(၂၉၂)အိမ်ထောင်စုရှိရာ မီးသုံးစွဲရန် အဆင်ပြေနိုင်မည့် အိမ်ထောင်စု(၂၀၀)ရှိသည့်အနက် (၆၂)အိမ်သည် မီးလင်းပြီးဖြစ်ပြီး (၁၇၈)အိမ်သည် မီးလင်းရန် ကျန်ရှိပါသေးသည်။ ကျန်(၉၂)အိမ်သော အိမ်ထောင်စုများသည် ခြံမြေယာပိုင်မရှိခြင်း၊ ဝါးအိမ်များသာ ဖြစ်ခြင်းတို့ကြောင့် မီးတပ်ဆင်အသုံးပြုရန် ခက်ခဲပါသည်။**

**ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့်အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများ အတွက် လက်လှမ်းမီအသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များ အတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။ ကျေးရွာတွင် စာကြည့်တိုက်ရှိပြီး ကျိုက်ထိုပြန်ဆက်ဦးစီးဌာနနှင့် ဆက်သွယ်ကာ အကူအညီများရယူနိုင်ပါသည်။ ရွာသားများသည် တစ်ရွာလုံးအတိုင်းအတာဖြင့် တယ်လီဖုန်းနှင့်သတင်းဆက်သွယ်ရေးမှာ အတော်အသင့် ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။**

**(ဈ) တည်ငြိမ်အေးချမ်းမှု နှင့် ပြည်သူ့လုံခြုံရေး။ ။ ကျေးရွာတွင်** ရာဇဝတ်မှုခင်း ဖြစ်ပွားမှု နည်းပါးပြီး ကုန်စည်ကူးသန်း ရောင်းဝယ်မှုကို ချောမွေ့စေသည်။ သို့သော် ရွာသားများသည် မိုဘိုင်းတယ်လီဖုန်း ဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင်သည်။ အာမခံစနစ်ကို ချိတ်ဆက်ဆောင်ရွက်ထားသူ မရှိသလောက် ပင်ဖြစ်သည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျှော့ပါးရေးအစီအစဉ် သီးသန့်ရေးဆွဲ ထားခြင်းမရှိပါ။ ရွာသားများသည် ကျေးရွာနှင့် မြို့နယ်ရဲစခန်းသို့ အလွယ်တကူ ချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှုဖြစ်ပွားခြင်းနည်းပါသည်။

**(၅)**

**ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊အဟန့်အတား များ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ အကျဉ်းချုပ်**

**(က) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊**

ကျေးရွာတွင် လျှပ်စစ်မီးကို မဟာဓာတ်အားလိုင်းမှ ချိတ်ဆက်သုံးစွဲနိုင်ကြသဖြင့် ထင်းသက်သာသည့် လျှပ်စစ်မီးဖိုဖြင့် ချက်ပြုတ်ခြင်း၊ ကျောင်းသူ/သားများအတွက် စာဖတ်ချိန် အထောက်အပံ့ဖြစ်ခြင်း ဝင်ငွေရလုပ်ငန်းများကို ပိုမိုလုပ်ကိုင်နိုင်ခြင်း စသောလူနေမှု အဆင့်အတန်းမြင့်မားလာရေးအတွက် အထောက်အကူပြုနေသည်။

ကျေးရွာသည် အဝေးပြေးကားလမ်းမပေါ်တွင်ရှိခြင်း သွားရေးလာရေးဆက်သွယ်မှု ကောင်းခြင်း၊ ကျိုက်ထိုမြို့နှင့်နီးခြင်းတို့ကြောင့် ဒေသထွက် ကုန်ပစ္စည်းများကို အလွယ်တကူရောင်းချနိုင်ပါသည်။ ကျေးရွာအိမ်ထောင်စုများခြင်း ကျေးရွာပတ်လည်တွင် အခြားကျေးရွာများရှိခြင်းတို့ကြောင့် ဈေးကွက်ဖွံ့ဖြိုးမှုရှိပါသည်။ အလုပ်လုပ်နိုင်သည့် အရွယ်များရှိပြီး ကျွမ်းကျင်မှုနှင့် အသက်မွေး ဝမ်းကျောင်းသင်တန်းများကို သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်နှင့် စီးပွားဖွံ့ဖြိုး တိုးတက်မှုကို ပိုမိုကောင်းမွန်စေပါသည်။ ကျေးရွာသားများအနေဖြင့် ကျန်းမာရေးဆေးဝါးကုသမှု အတွက် ကျိုက်ထိုဆေးရုံသို့ ဆေးကုသနိုင်မှုများ ခံယူနိုင်ကြပါသည်။ ပညာရေးတွင်လည်း ကျေးရွာ အတွင်းတွင် မူလွန်ကျောင်းရှိပြီး ကျူချောင် အ.ထ.က နှင့် ကျိုက်ထို အ.ထ.ကသို့ အလွယ်တကူ လက်လှမ်းမီမှု ရှိကြပါသည်။

ဆင်းရဲသား မြေယာမဲ့ အိမ်ထောင်စုများအတွက် အမှတ်(၂)စက်မှုဝန်ကြီးဌာနမှ သီဟိုဠ်ခြံများ၊ ရော်ဘာခြံများမှ အခွင့်အလမ်းများ ရယူနိုင်ရပါသည်။ ကျေးရွာလမ်းမကြီးဘေးများတွင် ဝါးဒိုင်များ၊တောင်ထန်းဒိုင်များ ကွမ်းပွဲစားများရှိပြီး ကျေးရွာထွက်ကုန်များကို အလွယ်တကူ ရောင်းချနိုင်ပါသည်။ ထိုထွက်ကုန်များကို ပိုမိုမြင့်မားသည့် ဈေးကွက်ဖြစ်အောင်နှင့် မှန်ကန်သည့် ဈေးနှုန်းများ ရရှိအောင် တိုးမြှင့်ဆောင်ရွက်ပေးခြင်းဖြင့် ပိုမိုမြင့်မားသည့် စီးပွားရေးအခွင့်အလမ်းကို ရရှိနိုင်မည် ဖြစ်ပါသည်။

မွေးမြူရေးလုပ်ငန်းတွင် ရောင်းချရန် လက်လှမ်းမီသည့် ဈေးကွက်များ၊ သွင်းအားစုများရှိပြီး အရင်းအနှီးကို တိုးချဲ့ပေးနိုင်ပါက ကောင်းမွန်သော မွေးမြူရေးကဏ္ဍ ရရှိနိုင်ပါသည်။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် အလွယ်တကူချိတ်ဆက်နိုင်ပြီး နည်းပညာပံ့ပိုးမှုများလည်း ရရှိနိုင်ပါသည်။ ကျေးရွာလုံခြုံမှုအနေဖြင့် မြို့နယ်ရဲစခန်းနှင့် လက်လှမ်းမီမှုရှိပြီး တယ်လီဖုန်းဆက်သွယ်မှု စနစ်ကောင်းမွန်ပါသည်။

### (ခ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

ကျေးရွာရှိ စိုက်ပျိုးမြေများမှာ မြေဆီလွှာကောင်းမွန်ပြီး ဂဝံကျောက်အနည်းငယ် ထုတ်ယူနိုင် သည်မှအပ အခြားသဘာဝ သယံဇာတများ မရှိပါ။ နှစ်ရှည် ဥယျာဉ်ခြံ(ကြက်မောက်၊ ကျွဲကော) များစိုက်ပျိုးနိုင်ရန် မြေများရှိသော်လည်း နှစ်ပတ်လည် ရေရရှိရန် အားစိုက်ထုတ်ရပေ မည်။

ပညာရေးတွင် ဆရာအင်အား မလုံလောက်ခြင်းနှင့် ပရိဘောဂ ကျောင်းဆောင်အခြေအနေသည် ပညာရေး တိုးတက်မှုအတွက် ကောင်းမွန်သော အထောက်အပံ့များ မဟုတ်သေးပေ။ စိုးရိမ်ရသော အခြေအနေကို ပြင်ပဆေးခန်း၊ ကျိုက်ထိုဆေးရုံနှင့် လက်လှမ်းမီသော်လည်း ကိုယ်ဝန်ဆောင် စောင့်ရှောက်မှု ကာကွယ်မှု စီမံချက်များကို ပြည့်စုံကောင်းမွန်စွာ အကောင်အထည်ဖော် အသင့်အတင့်ရှိပါသည်။

ဒေသစီးပွားရေး လုပ်ငန်းများကို လုပ်ကိုင်နိုင်ရန်အတွက် အဖွဲ့အသီးသီးတွင် ငွေချေးယူနိုင်သော်လည်း လုံလောက်သော ချေးငွေမဟုတ်သေးပေ။ ကျေးရွာတွင် ငွေတိုးချေးစားသူများရှိသော်လည်း လုံလောက်သော အရင်းအနှီးများရရန် လိုအပ်ပါသည်။ အခြားဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်ရန် အခွင့်အလမ်းရှိသော်လည်း ပိုမိုကျွမ်းကျင်သည့်

အရည်အသွေးကျွမ်းကျင်မှုနှင့် အရင်းအနှီးမလုံလောက်ပါက စီးပွားတိုးတက်မှုကို နည်းစေပါသည်။ ခြံထဲရှိဒေသထွက်ကုန်များကို နွေနှင့်ဆောင်းကာလတွင် ချောမွေ့စွာ သယ်ယူနိုင်သော်လည်း မိုးရာသီတွင် လမ်းပန်းခက်ခဲပြီး ကုန်ကျစရိတ်များတတ်ပါသည်။ မြေသားလမ်းဖြစ်ခြင်း မိုးရာသီတွင် စမ်းရေထွက်ခြင်း၊ ရေနုတ်မြောင်းမရှိခြင်း၊ တံတားလိုအပ်ခြင်းများကလည်း လမ်းပန်းဆက်သွယ်ရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးကို အနှောင့်အယှက်ဖြစ်စေပါသည်။ ကျေးရွာတွင် လျှပ်စစ်မီးလင်းပြီး ဖြစ်သော်လည်း ကျေးရွာသားများ၏ ဝမ်းစာမဖူလုံမှုက တိုးချဲ့မီးလင်းနိုင်ရန်အတွက် အဟန့်အတားဖြစ်နေပါသည်။

## (၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ

### (က) ရည်မှန်းချက် ပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦး:စီ:ဌာနမှ အဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီးလာမည့် ငါးနှစ်တာ ကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

(၁) ကျွန်ုပ်တို့ ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊ အလုပ်အကိုင်များဖန်တီးခြင်း၊ အသက်မွေးပညာသင်တန်းများ ရရှိခြင်းမှတဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေးအနေအထားကို တိုးတက်မှုရရှိစေမည်။

(၂) ကျွန်ုပ်တို့ကျေးရွာလူထုသည် စာတတ်မြောက်မှုနှင့်ပိုမိုကောင်းမွန်သော ပညာရေးမှတဆင့် ကလေးငယ်များ၏ လူသားဆိုင်ရာ စွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်းလာစေရမည်။

(၃) ကျွန်ုပ်ရွာလူထုသည် သက်မွေးဝမ်းကျောင်းနှင့်စီးပွားရေးအုပ်စုများ ဖွဲ့စည်းပြီး ကျေးရွာ အခြေပြုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်မားလာမှုမှတဆင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှု ယန္တရားတိုးတက်လာစေရမည်။

### (ခ) နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင် ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

(၁) ကျေးရွာတွင် အရင်းအနှီးငွေ၊ နည်းပညာနှင့် နည်းပညာအသုံးချနိုင်စွမ်း ရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ ဆောင်ရွက်သွားမည်။ အသေးစားငွေကြေးလုပ်ငန်းနှင့်ချေးငွေများအတွက် မြို့နယ်ရှိဘဏ်များ၊ ရင်းနှီးငွေ ရရှိနိုင်ရာ အခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။ အရင်းအနှီးငွေများ ရရှိပါက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် ခွဲဝေချထားပေးမည်။ အလားတူပင် ကျေးရွာတွင် စိုက်ပျိုးရေး၊မွေးမြူရေး နည်းပညာများထွန်းကားလာရေးအတွက် စိုက်ပျိုးရေး၊မွေးမြူရေး နည်းပညာသင်တန်းများ တက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာနည်းပညာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။ သင်တန်းတက်ထားသူများကတစ်ဖန် ကျေးရွာတွင် ရရှိထားသော

နည်းပညာများကို မျှဝေပေးပြီး မိမိတို့ ကိုယ်တိုင်ကလည်း ကိုယ်ပိုင်လုပ်ငန်းများတွင် အသုံးချကာ ထုတ်လုပ်မှု တိုးတက်စေမည်။

(၂)ကျွန်ုပ်တို့သည် အပ်ချုပ်၊ ဇာထိုးပန်းထိုး၊ ယိုနှင့်မုန့်လုပ်နည်း၊ ဆံပင်ညှပ်၊ စက်ပြင်၊ မော်တော်ဆိုင်ကယ်ပြင် နှင့် မိုဘိုင်းဖုန်းပြင်စသော သင်တန်းများတက်ရောက်နိုင်ရန် သင့်တော်သော သင်တန်းသားများကို တက်ရောက်နိုင်ရန် စီစဉ်ပေးမည်။ ထိုသင်တန်းသားများတွက် ကျွမ်းကျင်မှုများကို တိုးပွားရရှိစေပြီး ဝင်ငွေရလုပ်ငန်းများ ထူထောင်တိုးချဲ့နိုင်ရန် အရင်းအနှီးလုပ်ငန်း အစီအစဉ်နှင့် ချိတ်ဆက်ပေးမည်။

(၃)ကျေးရွာတွင် ကျန်းမာရေးကောင်းမွန်ပြီး စီးပွားရေး၊ပညာရေး၊ လူနေမှုဘဝမြင့်မားရေး၊ ဝင်ငွေရလုပ်ငန်းများဖြင့် တိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်သွားမည်။ ကျန်းမာရေးဌာနနှင့်ချိတ်ဆက်၍ အချိန်တိုအတွင်း မြန်ဆန်စွာ ကာကွယ်၊ ကုသနိုင်ရန်အတွက် ကျေးလက်ကျန်းမာရေးဌာနခွဲ ဆောက်လုပ်ရန် ချိတ်ဆက် ဆောင်ရွက်ပေးမည်။

(၄)ကျေးရွာတွင် ကိုယ်ထူကိုယ်ထ လျှပ်စစ်မီးရယူသုံးစွဲနေပြီး လူနေမှု အဆင့်အတန်းမြင့်မားစေရန် ဆောင်ရွက်သွားမည်။ ကျေးရွာတွင် အိမ်ထောင်စုသုံးပုံနှစ်ပုံခန့်လျှပ်စစ်မီးသုံးစွဲနိုင်ရန် ချိတ်ဆက်ဆောင်ရွက်သွားမည်။ စိုက်ပျိုးရေး၊ မွေးမြူရေး မဟုတ်သော အလုပ်အကိုင်အခွင့်အလမ်း အခြားဝင်ငွေရလုပ်ငန်းများနှင့် ဝင်ငွေတိုးပွားလာအောင် ဆောင်ရွက်သွားမည်။

(၅) ကျေးရွာတွင် ခြံစည်းရိုးကာရံပြီး မူလွန်ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ခြင်းဖြင့် ခလေးများ လုံခြုံစွာ ပညာသင်ကြားနိုင်ပြီး အရည်အချင်းတိုးမြင့်လာရေးအတွက် အဆောင်ရွက်သွားမည်။ ပညာရေးဌာနနှင့် ချိတ်ဆက်ပြီး အလယ်တန်းကျောင်းတွင် ကျောင်းသားဦးရေနှင့် ဆရာ/ဆရာမဦးရေ ညီမျှစေရန်နှင့် ဘာသာရပ်အလိုက် ကျွမ်းကျင်မှု ပြည့်ဝသော ဆရာ/ဆရာမ ခန့်ထားရရှိနိုင်ရေးအတွက် ဆောင်ရွက်သွားမည်။

(၆) ကျေးရွာတွင် ကျေးရွာသူ/သားများသည် တစ်နှစ်ပတ်လုံး ကျန်းမာသန်စွမ်းစေပြီး သန့်စင်သော သောက်သုံးရေရရှိရန် စက်တပ်အဝီစိတွင်းများ ရရှိရန် အကောင်အထည်ဖော် ချိတ်ဆက်ဆောင်ရွက်သွားမည်။

(၇) ကျေးရွာတွင် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး လူနေမှုဘဝအဆင့်အတန်းမြင့်မားတိုးတက်စေရမည်။ အထက်ဖော်ပြပါ ရည်ရွယ်ချက်များအတိုင်း ကျေးရွာအိမ်ထောင်စု သုံးပုံတစ်ပုံ၏ ကိုယ်ပိုင်နေရာနှင့် လူနေမှုဘဝအဆင့်အတန်းမြင့်တင်နိုင်ရန် ကိုယ်ပိုင်အိမ်ခြံမြေ ဧရိယာ ရရှိရန် ချိတ်ဆက်ပေးမည်။

(၈) ကျေးရွာတွင် ကျေးရွာလမ်းနှင့်တံတားဆောက်လုပ်ကာ ကျေးရွာ၏ အခြေခံအဆောက်အဦးများ တိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည်။ ကျေးရွာအဆောက်အဦများကို အသုံးပြုစီမံခန့်ခွဲ ထိန်းသိမ်းရေးအတွက် စီမံခန့်ခွဲနိုင်စွမ်းကိုလည်း တိုးတက်အောင် ဆောင်ရွက်သွားကြမည်။ ကျေးရွာလူနေမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာအခြေပြု

လုပ်ငန်းများကို အကောင်အထည်ဖော် စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှု စွမ်းရည်များ ပိုမိုရရှိအောင် ဆောင်ရွက်ရန် တိုက်တွန်း အားပေးကူညီ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့် ကိစ္စများ**

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာ အကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော် အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ် လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ် များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစား ပေးစီမံချက်များနှင့် ဘတ်ဂျတ်ပမာဏပါဝင်သည့် နှစ်ပတ်လည် ဖွံ့ဖြိုးရေးစီမံချက် ပြင်ဆင်ရန် ဖြစ်သည်။

**(ခ) စိုက်ပျိုးမြေများ ထိရောက်စွာ အသုံးချနိုင်ရေး၊**

ကျေးရွာတွင် စပါးအပြင် မတ်ပဲကို သီးထပ်အဖြစ် စိုက်ပျိုးကြသည်။ တောင်သူများအတွက် သီးနှံဖျက်ပိုးကျရောက်ခြင်းသည် အဓိကပြဿနာတစ်ရပ်ဖြစ်ပြီး ဖျက်ပိုး ထိရောက်စွာ နှိမ်နင်းရေး အတွက် နည်းစနစ်ရရှိရေး လိုအပ်သည်။ ဖျက်ပိုးနှိမ်နင်းရေးအတွက် သက်ဆိုင်ရာဦးစီးဌာနမှ ဝန်ဆောင်မှုများကိုရသော်လည်း စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများရောင်းချသည့် ပုဂ္ဂလိက အရောင်းဆိုင်များကို မှီခိုအားထားမှုပိုများသည်။ သီးနှံဖျက်ပိုးများသည် ပိုးသတ်ဆေးအချို့ကို ခံနိုင်စွမ်းရှိကြကာ တောင်သူများအတွက် သီးနှံပျက်စီးမှုနှင့် ဝင်ငွေလျော့နည်းမှု ဖြစ်စေသည်။ နည်းပညာအသုံးပြုပုံများအပါအဝင် ပိုးမွှားနှိမ်နင်းရေးနည်းပညာ အသစ်ရရှိရေးအတွက် စိုက်ပျိုးရေး ဦးစီးဌာနက ဦးစီးဦးရွက်ပြုသင့်ပါသည်။

**(ဂ) ငွေရေးကြေးရေးနှင့်ဘဏ္ဍာလုပ်ငန်းများ**

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီးများအတွက် လိုအပ်သောချေးငွေရရှိရန် စနစ်များပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့် လယ်သမားနှင့်အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့် အသေးစားစီးပွားရေး လုပ်ငန်းများအတွက် အထိုက်အလျောက်များပြားသည့် ချေးငွေ လိုအပ်ပါသည်။ ကျေးရွာတွင် သမဝါယမအသင်းဖွဲ့စည်းထားခြင်းမရှိသေးသဖြင့် မြို့နယ်သမဝါယမအသင်းက ချေးငွေ လိုအပ်သူရွာသားများအတွက် ချေးငွေအစီအစဉ်ကို ဆောင်ရွက်သင့်သည်။

**(ဃ) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာအထောက်အပံ့**

ကျေးရွာတွင်း အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်မည့် အလားအလာရှိပြီး အလုပ်အကိုင်နှင့် အမြတ်အစွန်းများရရှိရန် အထူးသဖြင့် လူငယ်နှင့် အမျိုးသမီးများအတွက် အခွင့်အလမ်းရှိပါသည်။ သို့သော် ၎င်းတို့တွင် လုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှုနည်းပညာ၊ ဈေးကွက်၊ သတင်းအချက်အလက်များ လက်လှမ်းမီမှုတွင် အားနည်းပါသည်။ ကျေးရွာတစ်ခုလုံး၏ အမျိုးမျိုးကွဲပြားနေသော လုပ်ငန်းများ (ကုန်ထုတ်ခြင်း၊ စက်မှု၊ လက်မှုလုပ်ငန်း) အတွက် လုပ်ငန်းစီမံခန့်ခွဲရေး ထောက်ပံ့ခြင်းကို ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင် ထည့်သွင်းရေးဆွဲရန် ခက်ခဲပါသည်။ ကျွန်တော်တို့ကျေးရွာမှ အသေးစားလုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းသစ်များ ယခုအခါ အဆင်သင့်မတွေ့ရသေးပါ။ နိုင်ငံတော်အစိုးရ အနေဖြင့်လည်း စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုး တိုးတက်ရေးအထောက်အကူပြုအဖွဲ့တစ်ခု ထူထောင်ပြီး မြို့နယ်အဆင့် စီမံခန့်ခွဲရေးအောက်တွင် ထားရှိကာ တစ်နှစ်ပတ်လုံး ဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ထိုအဖွဲ့တွင် ကျွမ်းကျင်ပညာရှင်တစ်ချို့နှင့် တိုးချဲ့ပညာပေးရေးဝန်ထမ်းအချို့ ပါဝင်မည်ဖြစ်ပြီး၊ မြို့နယ်ဒေသမှ သည် ကျေးရွာအထိလိုအပ်သော စီးပွားရေးလုပ်ငန်း၊ စီမံခန့်ခွဲမှု အထောက်အကူပြု လုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လုံလောက်သောရန်ပုံငွေလည်း ရှိရပါမည်။

**(င) ကျေးလက်ဈေးဆောက်လုပ်ရေး**

ကျေးရွာတွင် ဆိုင်ခန်း ၃၀ – ၄၀ ပါရှိသည့် ယာယီဈေးတစ်ခုရှိသည်။ လူကြီးခရီးစဉ်ကြုံကြိုက်စဉ်တို့တွင် ဈေးရောင်းချမှုကို ရွှေ့ဆိုင်းရတတ်သည်ကိုလည်း ကြုံရတတ်သည်။ မြို့နယ်အာဏာပိုင် အဖွဲ့အစည်းများက ရေ၊ သန့်ရှင်းရေးစနစ်နှင့် လမ်းတို့စနစ်တကျပါဝင်သည့် ဈေးအဆောက်အဦ တစ်ခုတည်ဆောက်ပေးရန် ပါဝင်ဆောင်ရွက်ပေးသင့်ပါသည်။ ကျွန်းတော ကျေးရွာအပြင် အနီးပတ်ဝန်းကျင်မှ ရွာသူရွာသားအချို့ အတွက်လည်း အကျိုးခံစားမှု ရရှိစေနိုင်ပါမည်။

**၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ**

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာစီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

**(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း**

ကျေးရွာလူထုက ငါးနှစ်တာစီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်၊ ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ်၊ သုံးနှစ်တာကာလ စီမံချက်များအတွက် မျှော်မှန်းရေးဆွဲ ထားနိုင်ကြသော်လည်း ငါးနှစ်တာကာလတစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့်ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည် ပြင်းထန်သောသဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများ မပေါ်ပေါက်ပါက အနည်းနှင့် အများ ဆိုသလို ပြောင်းလဲမှုမရှိနိုင်ပဲ နောက်ထပ် တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်၏ ဗျူဟာမြောက်မူဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို ဆောင်ရွက် သွားကြပါမည်။

**(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း**

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စီစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification) ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ အတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှု အမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification) သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်း အသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)– ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍ အပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classifi – cation) တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ ပါဝင်သည်။

**(ဂ) ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့် ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ –

| စဉ် | ကဏ္ဍ/ အကြောင်းအရာ | စီမံချက် | ဦးစားပေးရမှတ် | ဦးစားပေးအဆင့် | စီမံချက် အခွင့်အလမ်း နှင့် ဖော်ပြချက် |
|---|---|---|---|---|---|
| ၁။ | အခြေခံအဆောက်အဦ | **ကျွန်းတောကျေးရွာကျောက်ချောလမ်းခင်းခြင်းနှင့်Box Culvert တစ်စင်းတည်ဆောက်ခြင်း** | ၆၀ | ၁ | • ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်၍<br>➢ ကျောက်ခင်းလမ်းနှင့် Box Culvert တစ်စင်းတည်ဆောက်ခြင်း<br>➢ ဂဝံကျောက်များရှိခြင်း<br>➢ ကျေးရွာလူထုလုပ်အားပါဝင်နိုင်ခြင်း<br>➢ ငွေကြေးအနည်းငယ်ပါဝင်ထည့်ဝင်နိုင်ခြင်း |
| ၂။ | လျှပ်စစ် | အိမ်ထောင်စု(200)အား လျှပ်စစ်မီး ရရှိအောင် ဆောင်ရွက်ခြင်း | ၅၄ | ၂ | • လျှပ်စစ်ဓါတ်အားလိုင်းနှင့်ချိတ်ဆက်ကာ အိမ်ထောင်စု(၂၀၀)စုအား လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ခြင်း |
| ၃။ | ပညာရေး | ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း(120'_30'_14')၊ကျောင်းပရိဘောဂများပြုလုပ်ခြင်း၊ကျောင်းစာကြည့်တိုက်၊ကျောင်းအိမ်သာများဆောက်လုပ်ခြင်း၊ပညာရေးဆွေးနွေးပွဲများ ပြုလုပ်ခြင်း နှင့် ကျောင်းခြံစည်းရိုး ပြုလုပ်ခြင်း | ၄၅ | ၃ | • ပညာရေးဌာနနှင့်ချိတ် ဆက်၍<br>➢ ပညာရေးအဆောက်အဦးများ ပြည့်စုံကောင်း မွန်အောင်ဆောင်ရွက်ခြင်း။<br>➢ ကျောင်းအချောထည် ပြီးစီးအောင် ဆောင်ရွက် ခြင်း<br>➢ ကျောင်းပရိဘောဂ၊<br>➢ ကျောင်းအိမ်သာ… |
| ၄။ | မွေးမြူရေးနှင့်ငါးလုပ်ငန်း_မွေးမြူရေးဆေးပညာ | အသားစားကြက်၊ ဥ_စားကြက်များ အား တစ်ပိုင်တစ်နိုင်မှ စီးပွားဖြစ်မွေးမြူနိုင်အောင်ရင်းနှီးငွေများနှင့် နည်းပညာများ ရရှိအောင် ဆောင်ရွက်ခြင်း | ၄၀ | ၄ | • အသားစားကြက်၊ ဥစားကြများအား တစ်ပိုင်တစ်နိုင်မှ စီးပွားဖြစ်မွေးမြူနိုင်အောင် ရင်းနှီးငွေများနှင့် နည်းပညာများ ရရှိအောင် ဆော င်ရွက်ပေးခြင်း |

| | | | | | |
|---|---|---|---|---|---|
| ၅။ | ကျန်းမာရေး | ကျေးလက်ဆေးပေးခန်းဆောက်လုပ်ခြင်းနှင့်လုံလောက်သောကျန်းမာရေးဝန်ထမ်းများ ရရှိအောင် ဆောင်ရွက်ခြင်း | ၃၆ | ၅ | • ကျန်းမာရေးအသိ ပညာပေးခြင်း<br>• လူမှုရေးရန်ပုံငွေနှင့် ကျန်းမာရေးအကျိုးတော်ဆောင်အဖွဲ့များတည်ထောင်ခြင်း<br>• သဘာဝဘေးအန္တရာယ်နှင့်အရေးပေါ်ကူးစက်ရောဂါပျံ့နှံ့ခြင်းများ အတွက် လိုအပ်သောပြင်ဆင်မှုများနှင့်အသိပေးနှိုးဆော်မည့်တက်ကြွသည့်အဖွဲ့အစည်းများဖွဲ့စည်းခြင်း၊<br>• မူလတန်းကျောင်းများတွင်ကျောင်း ကျန်းမာရေးအသိပညာပေး |
| ၆။ | ကျန်းမာရေး | ကျန်းမာရေးအသိပညာပေးဟောပြောပွဲများ ပြုလုပ်ခြင်း | ၃၁ | ၆ | |
| ၇။ | ကျေးလက်ရေပေးဝေရေး | စက်ရေတွင်းတူးဖော်ခြင်းနှင့် ရေလှောင်ကန်းများ ပြုလုပ်ခြင်း | ၃၀ | ၇ | • ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်ကာ ကျေးရွာ၌ စက်ရေတွင်း တူးဖော်ခြင်း<br>• ရေလှောင်ကန်များပြုလုပ်ခြင်း |
| ၈။ | လမ်းပန်းဆက်သွယ်ရေး | မာလာဖူးကွင်းအပိုင်းတွင် တံတား (1)စင်းတည်ဆောက်ခြင်း | ၂၅ | ၈ | • ကျေးလက်ဦးစီးဌာန နှင့်ချိတ်ဆက်၍<br>• ကျေးလက်တံတား တည်ဆောက်ခြင်း |
| ၉။ | ငွေကြေး | အတိုးနည်းချေးငွေများ ရရှိအောင် ဆောင်ရွက်ခြင်း | ၂၄ | ၉ | • |
| ၁၀။ | လူငယ်နှင့်အားကစား | ကျေးရွာအားကစားကွင်းတိုးချဲ့ ပြုပြင်ခြင်း | ၂၃ | ၁၀ | • အား/ကာဦးစီးဌာန/မြေစာရင်းဦးစီးဌာနတို့နှင့် ချိတ်ဆက်တင်ပြကာ မြေအပိုင်ရရှိအောင် ဆောင်ရွက်ပေးပြီး ကျေးရွာအားကစားကွင်းတိုးချဲ့ပြုပြင်ပေးနိုင်ရန် |
| ၁၁။ | အခြေခံအဆောက်အဦ | ဆင်းရဲသော မိသားစုများအတွက် ကျေးလက်အိမ်ယာ ရရှိအောင် ဆောင်ရွက်ခြင်း | ၁၇ | ၁၁ | • ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ကာ ဆင်းရဲသောမိသားစုများအတွက် တန်ဖိုးနည်းအိမ်ယာများထူထောင်နိုင်အောင် ဆောင်ရွက်ခြင်း |

**(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ**

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထား ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| **စဉ်** | **စီမံချက်** | **ဦးစားပေး အဆင့်** | **၂၀၁၆** | **၂၀၁၇** | **၂၀၁၈** | **၂၀၁၉** | **၂၀၂၀** |
|---|---|---|---|---|---|---|---|
| ၁ | ကျွန်းတောကျေးရွာကျောက်ချောလမ်းခင်းခြင်းနှင့်Box Culvert တစ်စင်း တည်ဆောက်ခြင်း | ၁ | Â | | | | |
| ၂ | အိမ်ထောင်စု(200)အား လျှပ်စစ်မီး ရရှိအောင် ဆောင်ရွက်ခြင်း | ၂ | | Â | | | |
| ၃ | ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း(120'_30'_14')၊ ကျောင်းပရိဘောဂများပြုလုပ်ခြင်း၊ကျောင်းစာကြည့်တိုက်၊ ကျောင်းအိမ်သာများဆောက်လုပ်ခြင်း၊ပညာရေးဆွေးနွေးပွဲများ ပြုလုပ်ခြင်း နှင့် ကျောင်းခြံစည်းရိုး ပြုလုပ်ခြင်း | ၃ | | | Â | | |
| ၄ | အသားစားကြက်၊ ဥ စားကြက်များအား တစ်ပိုင်တစ်နိုင်မှ စီးပွားဖြစ်မွေးမြူနိုင်အောင်ရင်းနှီးငွေများနှင့် နည်းပညာများ ရရှိအောင် ဆောင်ရွက် | ၄ | | Â | | | |
| ၅ | ကျေးလက်ဆေးပေးခန်းဆောက်လုပ်ခြင်းနှင့်လုံလောက်သောကျန်းမာရေးဝန်ထမ်းများ ရရှိအောင် ဆောင်ရွက်ခြင်း | ၅ | | Â | | | |
| ၆ | ကျန်းမာရေးအသိပညာပေးဟောပြောပွဲများ ပြုလုပ်ခြင်း | ၆ | | Â | | | |
| ၇ | စက်ရေတွင်းတူးဖော်ခြင်းနှင့် ရေလှောင်ကန်များ ပြုလုပ်ခြင်း | ၇ | | | Â | | |
| ၈ | **မာလာဖူးကွင်းအပိုင်းတွင် တံတား** (1)**စင်းတည်ဆောက်ခြင်း** | ၈ | | | Â | | |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၉ | အတိုးနည်းချေးငွေများ ရရှိအောင် ဆောင်ရွက်ခြင်း | ၉ | | | Â | | |
| ၁၀ | ကျေးရွာအားကစားကွင်း တိုးချဲ့ ပြုပြင်ခြင်း | ၁၀ | | Â | | | |
| ၁၁ | ဆင်းရဲသော မိသားစုများအတွက် ကျေးလက်အိမ်ယာ ရရှိအောင် ဆောင်ရွက်ခြင်း | ၁၁ | | Â | | | |

အောက်ပါဇယားတွင် ဖေါ်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်း နမူနာ (indicative)အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက် ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး အဖွဲ့သည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများထံမှ ဘတ်ဂျတ် အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသား မဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖေါ်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ – လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန် စသည်)

**စီမံချက်ဘတ်ဂျတ်**

**၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကို ကျေးရွာလူထုက ဦးဆောင်အကောင်အထည်ဖော်မည် ြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါ သည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ**

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင် ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာ ဖွံ့ဖြိုးရေးအဖွဲ့သည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်း အသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်

နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ–မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေး အရည်အသွေး ကောင်းမွန်တိုး တက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့် ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

**(ခ) ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်း**

ကျွန်ုပ်တို့ ကျေးရွာအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူ ဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ–မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရပါမည်။ လယ်သမား အဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြုလမ်း အဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများ ရယူရပါမည်။

**(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ**

စီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်း များ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖေါ်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့က တာဝန်ပေးထားသောအဖွဲ့ခွဲ၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာ ဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် တာဝန်ပေးထားသော အဖွဲ့ခွဲကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

**(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ**

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခ ကောက်ခံခြင်း၊ စေတနာအလျောက် ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာအဖွဲ့ခွဲအား တာဝန်အပ်နှင်း ဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင် ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

**၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း**

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သောကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကောင်အထည် ဖေါ်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများ တည်ဆောက်ပါမည်။

**(က) ကြီးကြပ်စစ်ဆေးခြင်း (Monitoring)**

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှုနှင့် ငွေကြေးဆိုင်ရာတိုးတက်မှုတို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို (၃) လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာ

ဖွံ့ဖြိုးရေးအဖွဲ့၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်း လုပ်ငန်း အလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့ခွဲအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦး သတင်းအချက်အလက်များ ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်းများ ဖြစ်ပါမည်။ (၃) လပတ် ကုန်ဆုံးချိန်တိုင်းတွင် အဖွဲ့နှင့် အဖွဲ့ခွဲအသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက် ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့မှ ဦးဆောင်ပါမည်။ (၃) လပတ် ကြီးကြပ် စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါ အချက်များအပေါ် ဦးတည်ပါမည်။

(၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲ အဟန့်အတားများနှင့် ပြုပြင်သင့် သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့် စီမံကိန်းများ၊

(၂) ငွေကြေးဆိုင်ရာ တိုးတက်မှု

- ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအနှီးလိုအပ်ချက်များ စုစည်းပြီးစီးမှု (မူလလျာထား ချက်နှင့် နှိုင်းယှဉ်၍)၊
- (၃) လပတ်ကုန်တွင်ရှိသော ငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက် အခဲများ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှု တိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် (၃) လပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ်ချုပ်ကို ပြုစု ပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံ ပေးပို့ ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂-၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကို အဓိကထား ဖော်ပြပါမည်။ ၄င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာ သူ/သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သောအကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

**(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကဲဖြတ်ပွဲ**

စီမံကိန်းကာလ နှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါအဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီး နိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့် အဖွဲ့အစည်းများမှာ–

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ စသည်တို့ ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သောအခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

**(ဂ) နည်းပညာဆိုင်ရာ အကူအညီ**

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦး ကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာ အကူအညီများကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။